mgyoe.com

# ငါ့ဒိန် ခဲကိုဘယ် သူနေရာပြောင်း ပစ်သလဲ




Dr Spencer Johnson

WHO MOVED MY CHEESE?

ညီညီနိုင်

# မင်းဒိန် ခဲကိုငါနေ ရာပြောင်းတယ်



Darrel Bristow-Bovey

I MOVED YOUR CHEESE


mgyoe.com

# ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ညီညီနိုင်၏စာအုပ်များ































mgyoe.com

mgyoe.com

တန်ဖိုး — ၃၀၀၀ ကျပ်

SAMPLE BOOK

အုပ်ရေ — ၅၀၀ အုပ်

အကြိမ် — ပထမအကြိမ်, နိုဝင်ဘာလ ၂၀၀၉

မျက်နှာဖုံး — ရဲရဲ

ထုတ်ဝေသူ — ဦးသိမ်းမင်း(၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
အမှတ် ၃၃၄, ၈ လမ်း, ၁၁ ရပ်ကွက်,
တောင်ဥက္ကလာပမြို့နယ်, ရန်ကုန်မြို့။

ပုံနှိပ်သူ — ဦးဝင်းကျော်ထွန်း(၀၇၉၅၈)
မုံရွေးပုံနှိပ်တိုက်
အမှတ် ၈၁/ခ, သံလွင်လမ်း,
ဗဟန်းမြို့နယ်, ရန်ကုန်မြို့။

စာမူခွင့်ပြုချက် — ၄၀၀၁၃၅၀၂၀၉
၄၀၁၄၂၆၁၂၀၈

အဖုံးခွင့်ပြုချက် — ၄၀၁၁၈၅၁၀၀၉

၀၀၈.၈ ၀၄

ညီညီနိုင်
ငါ့ဒိန်ခဲကို ဘယ်သူရွှေ့လိုက်သလဲဆိုတော့ မင်းဒိန်ခဲကို ငါရွှေ့လိုက်တာပေါ့/
ညီညီနိုင် ။ - ရန်ကုန် ။
ပန်းရွှေပြည်စာအုပ်တိုက် ၊ ၂၀၀၉ ။
၁၁၅ - စာ ၊ ၁၈.၀ x ၁၂.၅ စင်တီ ။

မူရင်းအမည်- Who Moved My Cheese? Dr Spencer Johnson
I Moved Your Cheese /Darrel Bristow-Bovey
(၁) ဘာသာပြန်သူ - ညီညီနိုင်
(၂) ငါ့ဒိန်ခဲကို ဘယ်သူရွှေ့လိုက်သလဲဆိုတော့ မင်းဒိန်ခဲကို ငါရွှေ့လိုက်တာပေါ့

mgyoe.com

mgyoe.com SAMPLE BOOK



Dr Spencer Johnson

# ငါ့ဒိန်ခဲကို ဘယ်သူ နေရာပြောင်းပစ်သလဲ

# မင်းဒိန်ခဲကို ငါ နေရာပြောင်းတယ်

Darrel Bristow - Bovey



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

## ပါဝင်ပုံများ


- ဒိန်ခဲရှင်းတမ်း [ဘာသာပြန်သူ အမှာ] ၇
- ကြိုက်တဲ့နေရာရွေး ၁၃
- ပုံပြင်နောက်ကွယ်က ဇာတ်လမ်း [ကက်နက်ဘလန်ချဒ် အမှာ] ၁၅
- ပထမပိုင်း လှုစုမိခြင်း ၂၅
- ဒုတိယပိုင်း ဝက်ပါထဲက ဒိန်ခဲပုံပြင် ၃၃
- တတိယပိုင်း ဆွေးနွေးခန်း ၈၇




mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

m.gyoe.com SAMPLE BOOK

## ဒိန်ခဲရှင်းတမ်း

၂၁ ရာစုအနှောင်းနှင့် အစမှာ ဒိန်ခဲ ၂ လုံးက စာအုပ်လောကကို ကိုင်လှုပ်ခဲ့တယ်ဆိုရင် မှားမယ် မထင်ပါဘူး။

၁၉၉၈ ခုနှစ်မှာ ဒေါက်တာ စပင်ဇာဂျွန်ဆင် (DR. SPENCER JOHNSON) ရဲ့ 'ငါ့ဒိန်ခဲကို ဘယ်သူ နေရာပြောင်းပစ်သလဲ' ဆိုတဲ့ စာအုပ် ထွက်လာခဲ့ပါတယ်။

နောက်တစ်ခါ ၂၀၀၁ ခုနှစ်မှာ ဒါရယ်လ်ဘရစ်စတန်အိုဗီ (DARREL BRISTON-BOVEY)ရဲ့ 'မင်းဒိန်ခဲကို နေရာပြောင်းတာ ငါပဲ' (I Moved Your Cheese) ဆိုတဲ့ စာအုပ် ထပ်ထွက်လာပြန်ပါတယ်။

'ငါ့ဒိန်ခဲ' က ပြောင်းလဲခြင်းသဘာဝကို ဖော်ညွှန်းပြီး၊ အပြောင်းအလဲဆိုတာ မပြတ်ရှိတတ်ကြောင်း, ပြောင်း



m.gyoe.com

mgyoe.com SAMPLE BOOK

လဲမှုကို မလွဲမသွေ ရင်ဆိုင်ဖို့လိုကြောင်း, အချိန်မီပြောင်းလဲနိုင်ဖြစ်ကြောင်းတွေကို ဝက်ပါထဲက ပုံပြင်လေးတစ်ပုဒ်နှင့် တင်စား ဆွေးနွေးဖော်ပြထားတာ ဖြစ်ပါတယ်။

မြန်မာဗေဒနှင့်ဆိုရင်တော့ မမြဲတဲ့သဘော သင်္ခါရတရားကို သတိထားရှုမြင်ဆင်ခြင်ပြီး၊ လိုက်လျောညီထွေပြုပြင်လုပ်ကိုင် နေထိုင်သွားဖို့ပဲ ဆိုပါတော့။

'မင်းဒိန်ခဲ' ကတော့ သမားရိုးကျ အတွေးအခေါ်ဟောင်းတွေကို စွန့်ပစ်တော်လှန်ပြီး၊ ကိုယ်ပိုင်အတွေးအခေါ်တွေ, ခေတ်မီဆန်းသစ်တဲ့အမြင်တွေနှင့် အစားထိုးဖို့လှုံ့ဆော်ထားတဲ့ လျှို့ဝှက်ဆန်းကြယ် ဒဿနစာအုပ်ကလေးပါ။ တစ်နည်းအားဖြင့် ဦးနှောက်မုန်တိုင်း (Brain Storm) ဆင်ပြီး၊ ဦးနှောက်စားခိုင်းထားတာပါပဲ။

'မင်းဒိန်ခဲ' မူရင်းရေးသူက 'ငါ့ဒိန်ခဲ' ရဲ့အောင်မြင်မှုကို သံယောင်လိုက်တာ မဟုတ်ပါဘူးလို့ ငြင်းချက်ထုတ်ထားတဲ့ကြားကပဲ တစ်နေရာမှာတော့ 'ငါ့ဒိန်ခဲ' အကြောင်း အရိပ်အမြွက်ဟပြီး၊ မထေ့တထေ့လေး သရော်ထားတာလည်း တွေ့ရပါတယ်။

ဒီတော့ 'ငါ့ဒိန်ခဲ' နှင့် 'မင်းဒိန်ခဲ' သံတူကြောင်းကွဲဖြစ်သလို 'ဒိန်ခဲချင်းတော့ မတူပါလေ' လို့ ဆိုကောင်းဆိုနိုင်ပေမယ့် ဆက်စပ်စဉ်းစားစရာ ငြိချက်လေးတချို့တော့ ရှိနေလေရဲ့။ ဘဝရဲ့ အနှစ်သာရတစ်ခုခုကို သူတို့နည်း သူတို့ဟန်နှင့် ရှာဖွေရာမှာတော့ ကူတယ်လို့ ဆိုရမှာပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

ဘဝတစ်ခုကို တည်ဆောက်ရာမှာ အတွေးအခေါ်တွေနှင့် အခြေခံအုတ်မြစ် ချရတာပါ။ အတွေးအခေါ်မှန်ကန်ခိုင်မာမှသာ ဘဝတစ်ခုဟာ လှလှပပ အောင်မြင်နိုင်ပါလိမ့်မယ်။

ခု စာအုပ် ၂ အုပ်စလုံးဟာလည်း အောင်မြင်တဲ့ဘဝတည်ဆောက်ရေးရဲ့ လမ်းညွှန်တွေအဖြစ် အတိုင်းအတာတစ်ခုအထိ အသုံးဝင်မယ်လို့ ယူဆမိတာနှင့်အမျှ

ဘယ်သူ့ဒိန်ခဲက ပိုဆိမ့်သလဲ, ပိုလတ်ဆတ်သလဲ ယှဉ်ပြည်းစမ်းကြည့်စေချင်တဲ့ ဆန္ဒနှင့် ၂ အုပ်တွဲပေါင်းတင်ဆက်လိုက်ရတာပါပဲ။

ဒါကြောင့်လည်း 'ငါ့ဒိန်ခဲ' ကို 'ဝက်ပါထဲက ဒိန်ခဲ' လို့ နာမည်ပေးချင်ပြီး၊ 'မင်းဒိန်ခဲ' ကို 'ဒဿန ဒိန်ခဲ' လို့ ကင်ပွန်းတပ်လိုက်ချင်ပါတယ်။

ဘာသာပြန်သူ


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ငါ့ ဒိန်ခဲကို ဘယ်သူ နေရာ ပြောင်းပစ်သလဲ

## [ ဝက်ပါထဲက ဒိန်ခဲ ]

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ကြိုက်တဲ့နေရာ ရွေး

ဒီဇာတ်လမ်းမှာ စိတ်ကူးယဉ်ဇာတ်ကောင် ၄ ဦး ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

ကြွက်ကလေးတွေဖြစ်တဲ့ စနစ်ဖ်နှင့်စကာရီ၊ ငလက်မလူပိစိကွေးလေး ၂ ယောက်ဖြစ်တဲ့ ဟမ်းနှင့် ဟော ပါပဲ။

သူတို့ဟာ ကျွန်တော်တို့ရဲ့ အသက်အရွယ်, ကျား‌မ, လူမျိုး, နိုင်ငံသားမရွေးနှင့်ဆိုင်တဲ့ ရိုးစင်းပြီး နားလည်ရခက်တဲ့ဘဝ အခန်းကဏ္ဍတွေကို ကိုယ်စားပြုထားကြတာလို့ ဆိုရပါမယ်။

တစ်ခါတစ်ရံ ကျွန်တော်တို့ဟာ စောစောစီးစီး ပြောင်းလဲမှုမြန်တတ်တဲ့ 'စနစ်ဖ်'လို လုပ်တတ်ပါတယ်။ ဒါမှမဟုတ် လက်တွေ့ကျကျလုပ်တဲ့ 'စကာရီ'နှင့်လည်း တူချင်တူသွားမယ်။

မှန်းလွှပြည့်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ဒါမှမဟုတ် ပြောင်းလဲမှုဟာ အဖြစ်ဆိုးနှင့် ကြုံရမယ်ဆိုပြီး ကြောက်လန့်နေရာက အပြောင်းအလဲကို ငြင်းဆန်လက်မခံတဲ့ 'ဟမ်း' ဆိုတဲ့ လူလေးကမလေး ဖြစ်နေတတ်သလို၊

အပြောင်းအလဲဆိုတာ ပိုကောင်းမယ့်အရာကို ရှေ့ရှုတာပဲလို့မြင်ပြီး အချိန်မီပြောင်းလဲဖို့ အတုခိုးတတ်တဲ့ 'ဟော' လိုလည်း ကျင့်ကြံတတ်ပါလိမ့်မယ်။

ကဲ။ ကျွန်တော်တို့ ဘယ်သူတွေ ဖြစ်မလဲ။

ဘယ်နေရာက ပါဝင်ကပြဖို့ ရွေးချယ်မလဲ။

အားလုံးမှာ တူမျှတဲ့ရွေးချယ်ခွင့်တွေ ရှိနေကြပါတယ်။

ဝက်ပါထဲက ထွက်ပေါက်ရှာရန်းထွက်တတ်ဖို့၊ ပြောင်းလဲနေတဲ့ အချိန်တွေအတွင်းမှာ အောင်မြင်ဖို့တော့ လိုတာပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

# ပုံပြင်နောက်ကွယ်က ဇာတ်လမ်း

## ကက်နက်ဘလန်ချဒ်၏ အမှာ

ကျွန်တော် ဝက်ပါဒိန်ခဲနောက်ကွယ်မှ ဇာတ်လမ်းကို ပြောပြဖို့ ရင်ခုန်နေမိပါသည်။ စာအုပ်က ရေးပြီးသားဖြစ်၍ အားလုံးဖတ်ဖို့ အသင့်ရှိနေပြီး၊ တခြားလူတွေကိုလည်း ဝေမျှပေးနိုင်တော့မည့်အခြေအနေ ရောက်နေသောကြောင့် ဖြစ်ပါသည်။

စပင်ဆာ ဂျွန်ဆင်က ကျွန်တော်နှင့် ပူးတွဲပြီး 'The One Minute Manager' စာအုပ် မရေးခင် နှစ်ပေါင်းများစွာကပင် သူ့ ဒိန်ခဲ ဇာတ်လမ်းမဟာကို စိတ်ကူးထားသည့်အတိုင်းပြောပြခဲ့ရာမှ စာအုပ်အဖြစ် ထွက်လာစေချင်တာကြပါပြီ။



mgyoe.com

mgyoe.com SAMPLE BOOK

သူ့ဇာတ်လမ်း ဘယ်လောက်ကောင်းပြီး၊ ကျွန်တော့်ကို အထောက်အကူ ဘယ်လောက်ပေးခဲ့ပုံတွေကို တွေးမိတိုင်း သတိရနေပါသည်။

ဒိန်ခဲဇာတ်လမ်းက ဝင်္ကပါထဲတွင် ဒိန်ခဲလိုက်ရှာနေကြသော ပြုံးရွှင်စရာ ဇာတ်ဆောင် ၄ ဦးအကြောင်းပင်ဖြစ်၏။

ဇာတ်လမ်းပါ 'ဒိန်ခဲ' ဆိုသည်မှာ ကျွန်တော်တို့ဘဝတွင် လိုချင်တပ်မက်သောအရာတစ်ခုကို နိမိတ်ပုံ တင်စားထားခြင်းသာ ဖြစ်ပါတယ်။ အလုပ်တစ်ခု, ပေါင်းသင်းဆက်ဆံရေး, ငွေ, ဧရာမအိမ်ကြီးတစ်လုံး, လွတ်လပ်မှု, ကျန်းမာရေး, စိတ်ငြိမ်းချမ်းမှု, ဂုဏ်ပြုခံရမှု။ ဘာမဆို အဓိပ္ပာယ်ကောက်လို့ ရသည်။ ဒို့အပြင် အပြေးဖြန်းလျှောက်တာ, ဂေါက်ရိုက်တာတွေအထိပင် တွေးယူနိုင်သည်။

ဒိန်ခဲ ဆိုသည့်အရာကို ကိုယ်ကြိုက်သလို အဓိပ္ပာယ်ဖွင့်နိုင်သည်။ ပျော်ရွှင်မှုပေးနိုင်သော အရာများနောက်သို့ ကျွန်တော်တို့ ငမ်းငမ်းတက် တကောက်ကောက်လိုက်နေကြတာတော့ အမှန်။ လက်ဝယ်ရပြီဆိုတော့ မလွတ်တမ်းဖက်တွယ်ထားကြသည်။ မရဘူးဆိုလျှင်၊ ဒါမှမဟုတ် လက်လွတ်သွားလျှင်လည်း ရူးမတတ် ခံစားရသည်။

ပုံပြင်ထဲက 'ဝင်္ကပါ' ဆိုသည်ကတော့ ကိုယ်လိုက်ရှာရင်း ကုန်ဆုံးသွားသောအချိန်များ (လူ့ဘဝ)ကို ရည်ညွှန်းသည်။ ထို့အတူ ကိုယ်အလုပ်လုပ်နေသည့် အဖွဲ့အစည်း,


mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်နေထိုင်သော လူမှုဝန်းကျင်၊ ဒါမှမဟုတ် ကိုယ့်ဘဝမှ မိတ်ဆွေအဝိုင်းဝိုင်းလို့လည်း မှတ်ယူလို့ ရသည်။

ယခု ဖတ်ရတော့မည့် ဒိန်ခဲပုံပြင်ကို ကျွန်တော် အံရပ်တကာမှာ တွေ့သမျှလူတွေကို ပြောပြသည့်နောက် သူတို့၏ မတူခြားနားသောခံစားချက်များကို တုံ့ပြန် ကြား သိခဲ့ရပါသည်။

ယုံချင်ယုံ မယုံချင်နေပါ။ ဒီပုံပြင်လေးက လူတွေရဲ့ အသက်မွေးဝမ်းကျောင်း, အိမ်ထောင်ရေး, စားဝတ်နေရေး ဘဝတွေကို တိုးတက်အောင် ဖန်တီးပေးနိုင်ခဲ့တယ် ဆိုရမှာ ပါပဲ။

တကယ့်ဘဝ အံဖြစ်မှန်များထဲက တစ်ခုမှာ NBC ရုပ်မြင်သံကြားက လူသိထင်ရှားသော ရုပ်သံလွှင့်သူ ချာလီ ဂျုန်းစ် ကြုံတွေ့ခဲ့သည်။ သူက ဒိန်ခဲပုံပြင်ကို ကြားခဲ့ရာမှ သူ့လုပ်ငန်းဘဝကို အဖတ်ဆယ်နိုင်ခဲ့သည့် ဖြစ်ရပ်ပါ။ တကယ်တော့ သူ့လို ရုပ်သံလွှင့်သူဖြစ်ဖို့က ရှာမှ ရှားလှ သည်။ ဒါပေမယ့် အခြေခံသဘောတရားများကို ဘယ်သူ မဆို အသုံးပြုပြီး ဝင်လုပ်နိုင်သည်။

ဖြစ်ပုံကတော့ သူက ပြီးခဲ့သော အိုလံပစ်ပွဲတော်များ၌ ပြေးခုန်ပစ်ပြိုင်ပွဲများကို ကျွမ်းကျွမ်းကျင်ကျင် ကြိုးစား ပမ်းစားတင်ဆက်ကာ အောင်မြင်ခဲ့လင့်ကစား၊ သူ့ဘော့စ် က နောက်ကျင်းပတော့မည့် အိုလံပစ်ပွဲ၌ ရေကူးနှင့် ဒိုင်ဗင် ပြိုင်ပွဲများကို သတင်းယူရန် တာဝန်ပြောင်းပေးလိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

သူ့အဖို့ ထိုအားကစားများအကြောင်း ကောင်းကောင်းမသိတော့ အတော်လေး စိတ်ပျက်သွားရ၏။ သူ့ကို တမင်နှိပ်ကွပ်တယ်လို့ ခံစားရပြီး၊ စိတ်လည်း ဆိုးသွားမိသည်။ ခုလိုလုပ်တာ မတရားဘူးဟု ထင်ကြောင်းလည်း ဖွင့်ပြောသည်။ သူ့ဒေါသက သူ့အလုပ်ကို ထိခိုက်စပြုလာသည်။

ထို့နောက် ဝက်ပါထဲမှ ဒိန်ခဲပုံပြင်ကို သူ ကြားလိုက်ရသည်။

သည်တော့မှ အတွင်းကြိတ် ရယ်မောမိရင်း သဘောထားအမြင်များကို ပြောင်းလိုက်မိသည်။ စင်စစ်တော့ သူ့ဘော့စ်က သူ့ဒိန်ခဲကို နေရာပြောင်းလိုက်တာပါလားလို့ နားလည်လိုက်ခြင်းပင်။ သို့ဖြင့် ပုံပြင်ကို နမူနာယူ အတုခိုးမိပါတော့သည်။ သူ့အတွက် အသစ်အဆန်းဖြစ်နေသော ရေကူးနှင့် ဒိုင်ဗင်အကြောင်းကို လေ့လာသင်ကြားရာမှ တိုးတက်ဖြစ်ထွန်းမှု ရလာသည်။ သူ့အတွက် စိမ်းနေသော အတွေ့အကြုံသစ်တစ်ခုကို လုပ်ရင်းကိုင်ရင်းပင် နှပျိုလန်းဆန်းလာရကြောင်းလည်း သိလိုက်ရ၏။

သူ့အမြင်သစ်နှင့် အစွမ်းအစကို ဘော့စ် ဖြစ်သူက အသိအမှတ်မပြုဘဲ မနေနိုင်တော့သလို၊ ပိုပြီး စိတ်ဝင်စားစရာကောင်းသော အလုပ်များကို တာဝန်ယူရတော့သည်။ ထိုအခါ ယခင်ထက် ပိုမိုအောင်မြင်ခဲ့ရာမှ နောက်ပိုင်း၌ ရုပ်သံလောကတွင် နာမည်ကျော် ဘောလုံးပွဲသတင်းကြေညာသူ ဖြစ်သွားရတော့သည်။


mgyoe.com

ဤသည်မှာ ဒိန်ခဲပုံပြင်၏ အကျိုးပေးမှု များစွာထဲမှ တကယ့် ဖြစ်ရပ်တစ်ခုပင်ဖြစ်ပြီး၊ လူအတော်များများ၏ လုပ်ငန်းခွင်နှင့် အချစ်ကိစ္စများအထိပင် ရောင်ပြန်ဟပ်ခဲ့ ကြောင်း ကြားသိရပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း 'ငါ့ဒိန်ခဲ' ၏တန်ခိုး သြဇာကို အလေးအနက်ယုံကြည်သူ ဖြစ်ခဲ့ရပြီး၊ တရားဝင် မထုတ်ခင်ကပင် နမူနာစာအုပ် ၂၀၀ ကျော်ကို ကုမ္ပဏီတွင် အလုပ်လုပ်နေသူများအား လက်ဆောင်ကမ်း ဖြန့်ဝေပေးမိခဲ့ ပါသည်။

ဘာကြောင့်ပါလဲ။ ကုမ္ပဏီတိုင်းက အနာဂတ်တွင် ရှင်သန်လိုကြရုံမက ပခုံးချင်းယှဉ် ပြိုင်ဆိုင်နိုင်ဖို့ အရေး ကြီးသည့်နည်းတူ၊ ကျွန်တော်တို့ ကင် ဘလန်ချဒ် ကုမ္ပဏီ ကလည်း 'အစဉ်မပြတ် ပြောင်းလဲနေရမည်' ကို သိသော ကြောင့် ဖြစ်ပါသည်။

ကာလယန္တရားကြီးနှင့် လူတွေက ဒိန်ခဲကို နေရာ ပြောင်းနေကြသည်။ အတိတ်တစ်ချိန်က ကျွန်တော်တို့ သည် သစ္စာရှိ အလုပ်သမားဝန်ထမ်းတွေကို အရေးထားပြီး လိုချင်ခဲ့ကြသည်။ ဒီနေ့ ပစ္စုပ္ပန်ကာလမှာတော့ လှေကြီး ထိုး ရိုးရိုးသွားသောလမ်းကြောင်းမှခွဲထွက်ပြီး၊ လိုသလို ပုံသွင်း၍ရသူများကို လိုအပ်လာကြပြီ မဟုတ်ပါလား။

ပြီးတော့လည်း ဘဝနှင့် လုပ်ငန်းခွင်များမှာ တစ်ချိန် လုံး အပြောင်းအလဲတွေနှင့် ရင်ဆိုင်ကြုံတွေ့နေရချိန်၌


mgyoe.com

mgyoe.com SAMPLE BOOK

ဒိနှု်ခဲ စာအုပ်ကိုလည်း

ဖတ်ဖို့

ကျွန်တော် ညွှန်းပါသည်။

အင်အား

ကုန်ခမ်းနေသူများ

အားပြန်တက်လာမည်။

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ငုတ်တုပ်ငြိမ် ထိုင်နေသူများအဖို့ ပင်ပန်းဆင်းရဲမှုဒဏ်က ပိုကြီးမားနေမှာ မလွဲပါ။ သူတို့အနေဖြင့် ပြောင်းလဲခြင်းကို တစ်နည်းနည်းဖြင့် ရှုမြင်နားလည်မှ ခံသာပါလိမ့်မည်။

ပုံပြင်ကို ပြောပြပြီး၊ ဒိန်ခဲစာအုပ်ကိုလည်း ဖတ်ဖို့ ကျွန်တော် ညွှန်းပါသည်။ အင်အားကုန်ခမ်းနေသူများ အားပြန်တက်လာမည်ဟု လှုံ့ဆော်မိသည်။

သို့ဖြင့် စာအုပ်ဖတ်သောလူတိုင်း လမ်းရိုးဟောင်းမှ ရုန်းထွက်နိုင်ခဲ့ရာက ကျွန်တော့်ကို ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။ သူတို့ရင်ဆိုင်ရသည့် အပြောင်းအလဲများအပေါ် အမြင် သစ်လင်းသွားသဖြင့် အကျိုးရှိခဲ့ကြသည်ဟုလည်း ဆိုကြပါသည်။

ကျွန်တော့်ကို ယုံပါ။ သည်စာအုပ်လေးကို နည်းနည်းအချိန်ကုန် ဖတ်လိုက်ရုံဖြင့် ဘဝင်ခိုက် အကြိုက်တွေ့သွားမည်မှာ မလွဲပါ။

စာအုပ်မှာ အပိုင်း ၃ ပိုင်းပါတာ တွေ့ရပါမည်။

ပထမပိုင်းက 'လူစုမိခြင်း'။ ကျောင်းနေဖက်များဆုံမိကြကာ၊ အသီးသီးဘဝများ၌ ကြုံတွေ့ခဲ့သော အပြောင်းအလဲများကို ရင်ဆိုင်ကြရပုံ ပြောဆိုကြသည့် အကြောင်း တင်ပြထားပါသည်။

ဒုတိယပိုင်းမှာ 'ငါ့ဒိန်ခဲကို ဘယ်သူ နေရာပြောင်းလိုက်သလဲ' (ဝက်ပါထဲကဒိန်ခဲပုံပြင်)ပင် ဖြစ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

တတိယပိုင်းအနေဖြင့် 'ဆွေးနွေးခန်း' ကို ဖတ်ရှုရပါလိမ့်မည်။ ထို နောက်ဆုံးခန်း၌ သူငယ်ချင်းများက ပုံပြင်နှင့် ပတ်သက်၍ နားလည်သလိုအနက်ဖွင့်ကြပြီး၊ သူတို့ လုပ်ငန်းနှင့် ဘဝမှာအသုံးချပုံများကို ဆွေးနွေးထားပါသည်။

စာအုပ်မူကြမ်းကို စောစောစီးစီးဖတ်ရသူတွေကတော့ နောက်ဆုံးခန်းကိုမဖတ်ဘဲ ပုံပြင်အပြီးမှာပင် ရပ်ထားလိုက်ကြပြီး၊ သူတို့ဘာသာသူတို့ အဓိပ္ပာယ်ကောက်မည်ဟု ဆိုခဲ့သည်။

ကျန်သူတွေကတော့ ဆွေးနွေးခန်းကိုဖတ်ပြီး ကြိုက်ကြသည်။ ဆွေးနွေးခန်းက သူတို့ဘဝအခြေအနေနှင့် ဟပ်စပ်ကာအသုံးချဖို့ တွေးရာတွင် အားပေးလှုံ့ဆော်နိုင်သည်ဟု ယူဆကြသောကြောင့် ဖြစ်၏။

ပြောင်းလဲမှုတိုင်း မကောင်းသလို၊ တချို့လည်း လိုအပ်ကြောင်း လူတိုင်း သိပါသည်။ သို့သော် ကမ္ဘာကြီးက အဆက်မပြတ်ပြောင်းလဲနေပြီး၊ ထိုအပြောင်းအလဲကို မှီ၍ ပိုကောင်းသထက်ကောင်းအောင် လုပ်နိုင်သော အခွင့်ထူးများ ရရှိနိုင်ပါသည်။

ဘာပဲပြောပြော ခုစာအုပ်ကို ပြန်ဖတ်တိုင်း ပုံပြင်ထဲမှ အတွေးသစ်၊ အမြင်သစ်တွေ ကျွန်တော့်လိုပင် ရရှိပြီး အသုံးချနိုင်မည်ဟု မျှော်လင့်ပါသည်။

သို့နှင့်အမျှ အပြောင်းအလဲနှင့် ပတ်သက်၍ အောင်မြင်မှုရသည်အထိ ကူညီပေးလိမ့်မည်ဟု ယုံကြည်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

တွေ့ရှိမှုကို ခင်ဗျားနှစ်သက်မှာတော့ မလွဲပါ။
တစ်ခုတော့ မှာလိုက်ပါရစေ။
'ဒိန်ခဲနှင့်အတူ ရွေ့ပြောင်းမှု လိုက်လုပ်နေပါ'

ကင် ဘလန်ချဒ်
ဆန်ဒီယာဂို, ကာလီဖိုးနီးယား


mgyoe.com

mgyoe.com SAMPLE BOOK

ဘဝ ဆိုတာ

တို့ ကျောင်းနေတုန်းက

ထင်မှတ်ခဲ့ကြတာထက်

ဘယ်လိုမှ မဆိုင်အောင်

ပြောင်းလဲသွားတာတော့

အမှန်ပဲ။

mgyoe.com

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com SAMPLE BOOK

ပထမပိုင်း

## လူစုမိခြင်း

ရှီကာဂို။ နေသာသော တနင်္ဂနွေနေ့တစ်နေ့။

ရှီကာဂိုမြို့ ကျောင်းသားဟောင်းများအသင်းတွင် ကျောင်းနေဖက်သူငယ်ချင်းတစ်စု မနေ့ညက မိတ်ဆုံပွဲ နွှဲခဲ့ပြီး၊ ယခုလည်း နေ့လယ်စာစားရန် ပြန်စုမိခဲ့ကြပါပြီ။

သူတို့က သူတို့ဘဝဇာတ်ကြောင်းများကို အပြန်အလှန်ဖောက်သည်ချဖို့ ထပ်တွေ့ခဲ့ကြခြင်းပဲ ဖြစ်ပါသည်။

သူငယ်ချင်းတွေ တစ်ယောက်ကိုတစ်ယောက် ကျီစယ်နောက်ပြောင်ရင်း စားကောင်းသောက်ဖွယ်တွေ မြိန်မြိန်ယှက်ယှက် စားပြီးသည့်နောက်၊ စိတ်ဝင်စားစရာအကြောင်းအရာတစ်ခုသို့ ရောက်သွားတော့၏။

သူတို့အတန်းထဲတွင် ပေါ်ပြူလာအဖြစ်ခဲ့ဆုံး အိန်ဂျယ်လာက



mgyoe.com

mgyoe.com SAMPLE BOOK

"ဘဝဆိုတာ တို့ကျောင်းနေတုန်းက ထင်မှတ်ခဲ့ကြတာထက် ဘယ်လိုမျှမဆိုင်အောင် ပြောင်းလဲသွားတာတော့ အမှန်ပဲ။ အများကြီးကို သိသိသာသာ ပြောင်းလဲသွားတာပဲနော်"

"အစစ်ပဲ။ မယုံနိုင်လောက်အောင်ကို ဖြစ်သွားကြတာကလား"

နာသန်က တလေတည်း ပဲ့တင်ထပ်လိုက်သည်။

နာသန်တစ်ယောက် သူ့ရုပ်သူ့ရွာမှာ နှစ်ပေါင်းများစွာကပင် အခြေကျအောင်မြင်နေသော မိသားစုလုပ်ငန်းထဲဝင်လုပ်ပြီး အဆင်ပြေနေသည်ဟု အများက သိထားကြသည်။ သို့ပါလျက် ခုတော့ သူကပါ ပြောင်းလဲမှုစွမ်းအားကြီးမားပုံကို ဝင်ထောက်ခံလာသည့်အတွက် အားလုံးအံ့သြသွားကြရ၏။

သူကပင် ခုလို ပြန်မေးလိုက်သေးသည်။

"ဒါပေမယ့် တကယ်တမ်း ဖြစ်ပျက်ပြောင်းလဲရတော့ မယ်ဆိုရင် တို့ ဘယ်လောက်တောင် မပြောင်းလဲချင်ကြသလဲဆိုတာကော မင်းတို့ သတိထားမိကြရဲ့လား" တဲ့။

ကာလို့စ်က ဝင်ထောက်သည်။

"အပြောင်းအလဲကို လက်မခံဘဲ ဆန့်ကျင်ကြတာဟာ ပြောင်းလဲမှုကို ကြောက်တာကြောင့်လို့ ငါထင်တယ်"

"ကာလို့စ်ရယ်။ နင်က ကျောင်းဘောလုံးအသင်းက ကပ္ပတိန်ပဲဥစ္စာ။ ဘယ့်နှယ်။ ကြောက်တဲ့အကြောင်းတွေ လာပြောနေရတာလဲ"


mgyoe.com

mgyoe.com SAMPLE BOOK

ဂျက်စီကာအပြောကြောင့် သူတို့အားလုံး ဝိုင်းရယ်ကြသည်။

စင်စစ်တော့ အိမ်တွင်းမှု လုပ်နေကြသူများမှ ကုမ္ပဏီမန်နေဂျာများအထိ ပါဝင်ပြီး၊ ကိုယ့်လမ်းကိုယ်လျှောက်နေကြသူများဖြစ်သည့်တိုင် ပြောင်းလဲမှုအတွေ့အကြုံနှင့် ပတ်သက်၍ တူညီသောခံစားချက် ကိုယ်စီ ရှိနေကြတာကိုး။

မကြာမီနှစ်များက ကြုံတွေ့ခဲ့ရသော မမျှော်လင့်သည့်အပြောင်းအလဲများကို ရင်ဆိုင်ဖြေရှင်းဖို့ သူတို့အသီးသီးပင် ကြိုးစားခဲ့ကြရသည်။ တကယ်တမ်းကျတော့ အပြောင်းအလဲကိုရင်ဆိုင်နိုင်သော နည်းကောင်းလမ်းကောင်းကို မတွေ့ခဲ့ရပါ။

ထို့နောက် မိုက်ကယ်က

"ငါလည်း အပြောင်းအလဲလုပ်ရမှာ ကြောက်နေပြီ။ တို့အလုပ်မှာ ပြောင်းလဲမှုကြီးတွေဖြစ်လာတိုင်း တို့ဘာလုပ်ရမှန်း မသိခဲ့ကြဘူးလေ။ ဒီလိုနှင့် လုပ်ငန်းကို မထိန်းနိုင်ဘဲ လုပ်ငန်းပျက်လုနီးပါး ဖြစ်သွားရတယ်"

တစ်ဆက်တည်းတွင်

"ဒါပေမယ့် အားလုံးကို ပြောင်းလဲပစ်နိုင်စွမ်းရှိတဲ့ ရယ်စရာပုံပြင်လေးတစ်ပုဒ်ကို ကြားလိုက်ရာက သက်သာခွင့်ရသွားခဲ့တာပဲ"

"ဟုတ်လား။ ဘယ်လိုများပါလိမ့်"

နာသန်က ဖြတ်မေးလိုက်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

"ဒီလိုကွ။ အဲ့ဒီပုံပြင်က ပြောင်းလဲမှုအပေါ်မှာ ငါမြင်တဲ့ပုံစံကို ပြောင်းပြန်လှန်ပစ်လိုက်တယ် ဆိုရမှာပဲ။ ငါက 'တစ်ခုရဖို့ တစ်ခုပေးရမယ်' လို့ ယူစွဲထားတာကို ဘယ်လိုလုပ်ရမယ်ဆိုပြီး နည်းလမ်းပြခဲ့တာပေါ့။ အဲ့ဒီနောက်တော့ ငါ့ဘဝမှာကော ငါ့လုပ်ငန်းမှာပါ အမြန်ဆုံး တိုးတက်အောင်မြင်လာတော့တာပဲ"

အားလုံးက စိတ်ပါလက်ပါ အာရုံစိုက်နေကြသည်။ မိုက်ကယ်က ဆက်ပြောသည်။

"ပထမတော့ ဒီပုံပြင်ဟာ တို့ ကျောင်းတုန်းက ပုံပြင်တွေလိုပဲ သိပ်အဆန်းတကြယ် ထူးခြားမှုမရှိဘူး ထင်ခဲ့တယ်။ နောက်ပိုင်း နားလည်သွားတဲ့အခါ ပြောင်းလဲမှုကြုံချိန်မှာ ဘာလုပ်ရမယ်ဆိုတဲ့ ထူးခြားချက်ကို မမြင်ရကောင်းလားလို့ ငါ့ကိုယ်ငါ ဒေါသဖြစ်ရတယ်။

"နောက်ပြီး ပုံပြင်ထဲက ဇာတ်ဆောင် ၄ ဦးဟာ ငါကိုယ်တိုင်ရဲ့ အသွင်စရိုက်တွေ ထင်ဟပ်နေတယ်။ ဘယ်သူ့ကို အတုခိုးရမယ်ဆိုတာ ဆုံးဖြတ်ပြီး ပြောင်းလဲနိုင်ခဲ့တာပဲ။

"ဒီနောက်တော့ ငါ့ကုမ္ပဏီကလူတွေကို ဒီပုံပြင်လေး လက်ဆင့်ကမ်း ပြောခဲ့တယ်။ သူတို့ကလည်း နောက်လူတွေကို ဖောက်သည်ပြန်ချခဲ့တယ်။ မကြာပါဘူး။ တို့ အများစုဟာ ပြောင်းလဲမှုကို ကောင်းကောင်းကြီး အသုံးချခဲ့ကြရာက လုပ်ငန်းလည်း အခြေအနေ ပြန်ကောင်းလာတော့တာပဲပေါ့။ ငါ့လိုပဲ။ လူတော်တော်များကလည်း


mgyoe.com

mgyoe.com SAMPLE BOOK

ပုံပြင်ထဲမှာလည်း

အသစ်အဆန်းဆို

ဘာမျှလက်မခံသလို

အပြောင်းအလဲ မကြိုက်တဲ့

ဇာတ်ကောင်တစ်ကောင်

ပါနေတာကိုး။

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ပုံပြင်လေးဟာ သူတို့ဘ၀ကို အထောက်အကူပြုခဲ့ကြတယ်လို့ ပြောကြလေရဲ့။

"အဲဒီပုံပြင်ထဲက ဘာအကျိုးအမြတ်မှ မရပါဘူးလို့ ပြောတဲ့လူ အနည်းအကျဉ်းတော့ ရှိတာပေါ့။ သူတို့ဟာ သူတို့နှင့် ပတ်သက်တဲ့ သင်ခန်းစာကို မယူတတ်တာလည်း ဖြစ်မယ်။ ဒါမှမဟုတ် ပိုပြီးဖြစ်နိုင်တာက 'ဒီပုံပြင်မျိုး ရိုးအီနေပြီ။ သိပြီးသားတွေပါ' ဆိုပြီး စံနမူနာအလေး အနက်မထားချင်တာလို့လည်း ပြောနိုင်တယ်။ ပုံပြင်ထဲက အဆီအနှစ်တွေ, အကျိုးပြုပုံတွေကို တခြားလူတွေလို မမြင်ကြတာတော့ အမှန်ပဲ။

"တို့ကုမ္ပဏီက သင်ခန်းစာမယူတတ်တဲ့ အဆင့်မြင့် အမှုဆောင်အရာရှိကြီး တစ်ယောက်ဆိုရင် 'ဒီပုံပြင်ဇာတ်လမ်းဖတ်ရတာ အချိန်ကုန်တာပဲလို့ ဝေဖန်ခဲ့တယ်။ တခြားလူတွေကတော့ 'သူဟာ ပုံပြင်ထဲက ဘယ်သူနှင့် သိပ်တူတာပဲ'လို့ ကျိတ်ပြီး သရော်ခဲ့ကြတယ်။ အဲ–ပုံပြင်ထဲမှာလည်း အသစ်အဆန်းဆို ဘာမျှ လက်မခံသလို အပြောင်းအလဲမကြိုက်တဲ့ ဇာတ်ကောင်တစ်ကောင် ပါနေတာကိုး"

"ကဲ။ ဒီလောက်ညွှန်းနေရင် တို့တွေ နားထောင်ချင်လှပါပြီ။ နင့်ဟာက ဘာပုံပြင်မို့လဲ"

အိန်ဂျယ်လာက စိတ်မရှည်တော့သလို ဝင်မေးလိုက်တော့မှ မိုက်ကယ်က

"ပုံပြင်ဇာတ်လမ်းလေးရဲ့ နာမည်က 'ငါ့ ဒိန်ခဲကို ဘယ်သူ နေရာပြောင်းလိုက်သလဲ' တဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

သူငယ်ချင်းအားလုံး ဝိုင်းရယ်ကြသည်။

ကာလို့စ်က မျက်နှာပိုးသပ်လိုက်ပြီး

"ငါတော့ ကြိုက်သွားပြီ။ မင်းပုံပြင်က တော်တော်လေးကောင်းမယ် ထင်တယ်။ ငါတို့ ကြားချင်လှပြီကွာ။ အဲဒီပုံပြင်ထဲက မှတ်သားစရာတစ်ခုခု ရမယ်လို့ ယုံတာပဲ"

မိုက်ကယ်ကလည်း

"စိတ်ချ။ ငါကလည်း ပြောချင်လွန်းလို့ လျှာကိုယားနေတာပါ။ ဝမ်းသာအားရကြီးကို ပြောပြမှာ။ နောက်ထပ် အချိန်မဆွဲတော့ပါဘူး" ဆိုပြီး ပုံပြင်ကို စ,ပြောပြပါလေရဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

# ကိုယ့်နည်း
# ကိုယ့်ဟန်
# နှင့်
# ကိုယ်ကြိုက်တဲ့
# ဒိန်ခဲကို
# ရှာပါ။

ပန်းငွေပြည့်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK



## ဝက်ပါထဲက ဒိန်ခဲပုံပြင်

ဟိုးတစ်ခါက လူသူကင်းဝေးရာ ဝက်ပါတစ်ခုမှာ သတ္တဝါ ၄ဦးနေထိုင်ပြီး၊ ဝက်ပါထဲက ဒိန်ခဲတွေကို ရှာဖွေစားသောက်ရင်း ပျော်ရွှင်နေကြတယ်ဆိုပဲ။

အဲ့ဒီထဲက ၂ ဦးက ကြွက်ကလေးတွေတဲ့။ အနံ့ခံကောင်းတဲ့ 'စနစ်ဖ်' ဆိုတဲ့ ကြွက်ကလေးရယ်, အပြေးမြန်တဲ့ 'စကာရီ' လို့ခေါ်တဲ့ ကြွက်ကလေးရယ်ပေါ့။

ကျန်တဲ့သူတွေကတော့ ကြွက်ကလေးတွေလောက်ကို ငယ်တဲ့လူသားလေက်မလေး ၂ ယောက်။ တစ်ယောက်က 'ဟမ်း' တဲ့။ နောက်တစ်ယောက်က 'ဟော' လို့ အမည်တွင်တယ်။ သူတို့က လေက်မတွေဆိုပေမယ့် ဒီနေ့ လူတွေအတိုင်း ပြုမူလုပ်ကိုင်တတ်တယ်တဲ့။



mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ ၄ ဦးစလုံးက ပိစိကွေးလေးတွေ ဖြစ်နေတာမို့ သူတို့လုပ်သမျှကို သိဖို့ မလွယ်ပါဘူး။ ဒါပေမယ့် သေသေချာချာ အနီးကပ်ကြည့်ရင်တော့ အံ့ဩစရာ အကောင်းဆုံးတွေလုပ်နေတာ တွေ့ရမှာပါပဲ။

နေ့စဉ်နေ့တိုင်း ငလက်မလေး ၂ ယောက်နှင့် ကြွက်ဝမ်းပူ ပေါက်စလေး ၂ ကောင်ဟာ ဝင်္ကပါထဲမှာ သူတို့အရသာတွေ့နေတဲ့ ဒိန်ခဲတွေကို လိုက်ရှာစားနေကျပေါ့။

စနစ်ဖ်နှင့် စကာရီဟာ ကြွက်ကလေးတွေပီပီ အနံ့ခံကောင်းသလောက်၊ ဒိန်ခဲအစအနတွေကို လိုက်ရှာတတ်ကြတယ်။

ငလက်မလေးတွေဖြစ်တဲ့ ဟမ်းနှင့် ဟော ကတော့ ဦးနှောက်ဉာဏ်သုံးပြီး အကောင်းဆုံးဒိန်ခဲတွေကို ရှာလေ့ရှိကြဆိုပဲ။ အင်္ဂလိပ်စာလုံးကြီး C အမှတ်အသားပါတဲ့ ဒိန်ခဲဟာ သူတို့ကို ပျော်ရွှင်မှုနှင့် အောင်မြင်မှုတွေပေးမယ်လို့ နက်နက်ရှိုင်းရှိုင်း ယုံကြည်ခဲ့ကြတယ်လေ။

ငလက်မလေးတွေနှင့် ကြွက်ပေါက်စလေးတွေဟာ အသွင်မတူ စရိုက်သဘာဝတွေ ခြားနားကြပေမယ့်၊ တူတာတွေကတော့ မနက်မိုးလင်းပြီဆိုတာနှင့် ချွေးသိပ်ဝတ်စုံတွေ ဝတ်၊ ပြေးတဲ့ဖိနပ်တွေ စီး၊ သူတို့ရဲ့အိမ်ပိစိကွေးလေးတွေထဲကထွက်ပြီး သူတို့အသည်းစွဲ ဒိန်ခဲတွေကိုရှာဖို့ ဝင်္ကပါထဲ ဝင်ပြေးကြစမြဲ ဖြစ်တာပါပဲ။

ဝင်္ကပါကြီးမှာ ကျောက်တံတိုင်းတွေ ကာရံထားတဲ့ မြောင်လမ်းတွေ, အဆောင်အခန်းတွေလည်း ရှိပြီး၊ တချို့


mgyoe.com

mgyoe.com SAMPLE BOOK

အခန်းတွေမှာ အရသာရှိတဲ့ဒိန်ခဲတွေ သိုလှောင်ထားတယ်ဆိုပဲ။

ဒါပေမယ့် မည်းမှောင်နေတဲ့ ထောင့်ချိုးအကွေ့တွေ၊ ဘယ်ကို ဦးတည်မှန်းမသိတဲ့ ယောင်ဂန်းစေတဲ့လမ်းမြှောင်လမ်းကြားတွေလည်း တစ်ပုံကြီးပေါ့။ လူတစ်ယောက်လမ်းမှားပြီး မျက်စိလည် လမ်းပျောက်ဖို့ကတော့ လွယ်လွယ်လေးပါပဲ။

ဘာပဲပြောပြော၊ လမ်းမှန်ကို တွေ့အောင်ရှာသွားနိုင်သူအတွက်တော့ တစ်ဘဝတာ ချမ်းမြေ့ပျော်ရွှင်စေမယ့် လျှို့ဝှက်ချက်ကို ဝင်္ကပါကြီးက သိမ်းဆည်းထားပါတယ်။

ကြွက်ကလေးတွေဖြစ်တဲ့ စနစ်ဖ်နှင့် စကာရီတို့ကတော့ လမ်းမှားဝင်မိရင် ပြန်ထွက်လိုက်၊ လမ်းမှန်ကိုဆက်သွားလိုက်၊ တစ်လမ်းဝင် တစ်လမ်းထွက် ဆိုသလိုဒိန်ခဲကို လိုက်ရှာနေကျပေါ့။

စနစ်ဖ်က ဒိန်ခဲနံ့ကို နှာခေါင်းရှုံ့ပြီး နေရာအနံ့ရှာတယ်။ သူ အနံ့ခံတဲ့ဘက်ကို စကာရီက တရှူးထိုးပြေးတယ်။

ဒီတော့ လမ်းမှားသွားရင် တစ်ခါတလေ နံရံတွေနှင့်ဝင်တိုက်ပြီး၊ ချောင်ပိတ်မိတယ်ဆိုတာလည်း မင်းတို့ ရိပ်မိကြမှာပါပဲ။ ဒါပေမယ့် တစ်ခဏချင်းအတွင်း သူတို့လမ်းသူတို့ ရှာတွေ့ခဲ့ကြတာ ဆိုရမယ်ကွ။

ကြွက်လေးတွေလိုပဲ လေက်မလေး ၂ ယောက်ဖြစ်တဲ့ ဟမ်းနှင့် ဟောကလည်း သူတို့ရဲ့စဉ်းစားဉာဏ်နှင့်


mgyoe.com

mgyoe.com SAMPLE BOOK

အတွေ့အကြုံတွေကို အသုံးပြုခဲ့ကြလေရဲ့။ သူတို့က ပိုပြီး ပညာသားပါတဲ့ဦးနှောက်နှင့် ရှုပ်ထွေးတဲ့နည်းလမ်းတွေ သုံးပြီး ဒိန်ခဲကို ရှာခဲ့ကြတယ်ပေါ့လေ။

တစ်ခါတလေလည်း ဒိန်ခဲကို အလွယ်တကူတွေ့တယ်။ တစ်ခါတလေလည်း သူတို့အစွမ်းအစနှင့် ယုံကြည်ချက်တွေအရ အားကြိုးမာန်တက်ရှာပေမယ့် မျက်စိလျှမ်းပြီး လွဲသွားတတ်တယ်။ ဒီလိုနှင့် ဝင်္ကပါထဲကဘဝဟာ ပိုမိုရှုပ်ထွေးသလို၊ အခက်အခဲတွေလည်း များလာတယ် ဆိုပါတော့။

ဘာပဲဖြစ်ဖြစ်၊ စနစ်ဖ်, စကာရီ, ဟမ်း, ဟောတို့ ၄ ဦးစလုံးဟာ ကိုယ့်နည်းကိုယ့်ဟန်နှင့် ကိုယ်ကြိုက်တဲ့ ဒိန်ခဲကို ရှာနိုင်ခဲ့ကြတာပါပဲ။

တစ်နေ့တော့ သူတို့ဟာ လမ်းမြှောင်တစ်ခုရဲ့အဆုံးက အခန်းတစ်ခန်းထဲမှာ ဒိန်ခဲတွေလှောင်ထားတဲ့ ဒိန်ခဲရုံကို သွားတွေ့ပါလေရော။

မနက်တိုင်း ကြွက်လေးတွေနှင့် ငလက်မလေးတွေဟာ ဒိန်ခဲရုံကို အပြေးသမားပုံစံဖြင့် အရောက်သွားတတ်ကြစမြဲ ဖြစ်လာတယ်။

စနစ်ဖ်နှင့် စကာရီတို့ဟာ မနက်အစောကြီးထ, ဝင်္ကပါကို အပြေးအလွှားဖြတ်ပြီး၊ ဒိန်ခဲရုံထဲ အလုအယက်ဝင်တတ်ကြတယ်။

ဒိန်ခဲရုံထဲ ရောက်ပြီဆိုတာနှင့် သူတို့ရဲ့ အပြေးစီးဖိနပ်တွေ ချွတ်, လည်တိုင်မှာ ခွဆွဲပြီး ဒိန်ခဲတွေ တပျော်


mgyoe.com

m g y o e SAMPLE BOOK

တပါးကြီး စားကြတာကလား။ အစပထမ ဟမ်းနှင့် ဟော ကလည်း အရသာထူးကဲလှတဲ့ ဒိန်ခဲအသစ်တွေကို သူတို့ နည်းတူ ဗိုက်ထဲ အဝအပြဲသွပ်ဖို့ အပြေးအလွှားသွားကြ ပါရဲ့။ ဒါပေမယ့် နောက်ပိုင်းမှာ လေက်မလေးတွေရဲ့ အချိုးက ခါတိုင်းနှင့်မတူ မူပြောင်းလာသတဲ့။

သူတို့ဟာ ဗိမ်ယစ်ပြီး နေမြင့်မှ အိပ်ရာကထတယ်။ အဝတ်အစားတွေ အေးအေးဆေးဆေးလဲတယ်။ ဒိန်ခဲရုံ ကို စကားတပြောပြော လမ်းလျှောက်သွားကြတယ်။ ဒိန်ခဲ ရှိတဲ့နေရာကို မှတ်မိနေပြီပဲ။ ပြေးစရာ ဘာလိုတော့မလဲ ပေါ့။

ပြီးတော့ ဒိန်ခဲတွေ ဘယ်ကရောက်လာသလဲ, ဘယ်သူက လာထားသလဲဆိုတာလည်း မစဉ်းစားမိကြ ဘူး။ သူတို့က အချိန်တန်လို့ အဲ့ဒီနေရာရောက်သွားရင် ဒိန်ခဲတွေ ရှိနေမှာပဲလို့ အပိုင်တွက်ထားကြတာကိုး။

ဟမ်းနှင့် ဟောဟာ C ဒိန်ခဲရုံကို ရောက်ရောက် ချင်းပဲ ကိုယ့်အိမ်လိုသဘောထားပြီး အေးအေးလူလူ အနား ယူကြတယ်။ သူတို့ရဲ့ ချွေးသိပ်ဝတ်စုံတွေကို တစ် နေရာမှာ လှမ်း၊ အပြေးစီးဖိနပ်တွေ ချွတ်၊ ခြေညှပ်ဖိနပ်တွေ လဲစီး လိုက်ကြသေးတယ်။ ဒိန်ခဲတွေကိုလည်း လိုသလောက် ရနေတာဆိုတော့ အဲ့ဒီနေရာဟာ သူတို့အတွက် ရွှေဘုံ ရွှေနန်းကြီးနှင့်မခြားတဲ့ အပန်းဖြေရိပ်သာကြီးပေါ့။

ဟမ်းက ခုလိုတောင် ဟစ်ကြွေးသတဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

"တို့ အရမ်းကို ကံထူးတာပဲ။ ဒိန်ခဲတွေကလည်း တစ်သက်လုံးစားတောင် ကုန်မှာမဟုတ်တော့ဘူး"

လေက်မလေး ၂ ယောက်ဟာ တစ်ဘဝစာ ဖူလုံပြီး၊ စိတ်အေးချမ်းသာရနေပြီဆိုပြီး ပျော်လို့မဆုံးနိုင်အောင်ပါပဲ။

ဒီလိုနှင့် မကြာခင်မှာပဲ၊ ဒိန်ခဲသိုက်ကြီးရှိတဲ့ အခန်းနားကို ပြောင်းလာပြီး အိမ်ဆောက်နေကြတယ်။ အိမ်နှင့် တူအောင် မွမ်းမံခြယ်သာ အလှဆင်ကြတယ်။

နံရံတွေပေါ်မှာ ဒိန်ခဲပုံကြီးတွေရေးပြီး၊ တွေးမိတွေးရာ စာတန်းတွေလည်း ရေးလိုက်ကြသေးတယ်။ အဲ့ဒီထဲက တစ်ခုကတော့

ဒိန်ခဲတွေ ရှိနေတာ
ပျော်ရွှင်မှုကို ဖြစ်စေတာ


mgyoe.com

mgyoe.com SAMPLE BOOK


တစ်ခါတစ်ရံ လေက်မလေး ဟမ်းနှင့် ဟောတို့က သူတို့ရဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို ဒိန်ခဲတွေ တစ်ပုံ တစ်ခေါင်းကြီးရှိတဲ့ C ဒိန်ခဲရုံကို အလည်ခေါ်တယ်။ ဒိန်ခဲပုံကြီးကို လက်ညှိုးထိုးပြီး ကြွားတယ်။

"ဘယ်လောက် အရသာရှိပြီး၊ ဘယ်လောက်လှလိုက် တဲ့ ဒိန်ခဲတွေလဲလို့။ မဟုတ်ဘူးလား" တဲ့။

သူတို့ မိတ်ဆွေတွေကို ဒိန်ခဲတွေ ဝေမျှကျွေးတဲ့အခါ ကျွေးတယ်။ မကျွေးတဲ့အခါတွေလည်း ရှိတယ်။

"ဒီ ဒိန်ခဲတွေဟာ တို့ထိုက်နှင့်တို့ကံ ရထားတာကွ။ ဒီ ဒိန်ခဲသိုက်ကြီးကို တွေ့ဖို့ကို အကြာကြီး ကြိုးစားရှာဖွေ ခဲ့ရတယ်" လို့ ဟန်ကျပန်ကျပြောရင်း လတ်ဆတ်တဲ့ ဒိန်ခဲတစ်ခဲကိုယူပြီး ဟမ်းက စားပြလိုက်သေးရဲ့။

ဒီနောက်တော့ ဟမ်းတစ်ယောက် ဒိန်ခဲတွေ အဝစား ပြီး ထုံးစံအတိုင်း အိပ်ပျော်သွားတော့တာပါပဲ။

လေက်မလေးတွေဟာ ညတိုင်းပဲ ဒိန်ခဲတွေ တစ်ပွေ့ တစ်ပိုက်ကြီးသယ်ပြီး အိမ်ပြန်ခဲ့ကြသလို၊ မနက်တိုင်း လည်း ဒိန်ခဲတွေရှိရာကို ဝတ္တရားမပျက် ရောက်သွားကြ တယ်။

အချိန်တွေ အတော်ကြာတဲ့အထိ ဒီပုံစံအတိုင်း အဆင်ပြေနေခဲ့တာတော့ အမှန်ပဲ။

ဟမ်းနှင့် ဟော တို့ကလည်း ဒိန်ခဲတွေ မကုန်မခမ်း နိုင်အောင် ရှိနေရမယ်ဆိုတဲ့ ယုံကြည်ချက်နှင့် အကျေနပ်


mgyoe.com

mgyoe.com SAMPLE BOOK

ကြီးကျေနပ်နေပြီး ဘဝမေ့လာကြတယ်။ မေ့သမျှ သူတို့ ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်သွားမှန်းတောင် မသိအောင် ပါပဲ။

အချိန်တွေကုန်လာတာနှင့်အမျှ ကြွက်ကလေးတွေ ဖြစ်တဲ့ စနစ်ဖ်နှင့် စကာရီတို့ကလည်း သူတို့ လုပ်ရိုးလုပ်စဉ် အတိုင်း အစဉ်မပျက် ဆက်လုပ်နေကြတယ်။

မနက်အစောကြီး ဒိန်ခဲခန်းကို ရောက်လာကြတယ်။ အနံ့ခံတယ်။ ဟိုခြစ်ဒီခြစ်လိုက်ကုပ်တယ်။ ဒိန်ခဲခန်း တစ်ပတ် ပြေးကြည့်တယ်။

ခါတိုင်းနေ့တွေနှင့် တူသေးရဲ့လား။ ဘာတွေများ ထူးခြား ပြောင်းလဲသွားသလဲဆိုတာ စစ်ဆေးကြတာပေါ့။ နောက်ပြီးတော့မှ ဒိန်ခဲတွေကို ဇိမ်နှင့် ထိုင်စားကြတော့ တာပါပဲ။

တစ်မနက်တော့ သူတို့ C ဒိန်ခဲရုံကို ရောက်သွား ရာက ဒိန်ခဲတွေ မရှိတော့တာကို တွေ့လိုက်ရပါသကော။

သူတို့ အံ့သြမသွားပါဘူး။ စနစ်ဖ်နှင့် စကာရီဟာ ဒိန်ခဲတွေ တစ်နေ့တခြားလျော့လာတာကို သတိပြုမိလိုက် ကတည်းက မလွဲမရှောင်သာကြုံရမယ့် ရှေ့ရေးအတွက် ကြိုတင်ပြင်ဆင်ထားကြသလို၊ ဘာလုပ်ရမယ်ဆိုတာလည်း ဗီဇဉာဏ်နှင့် တွက်ပြီးသားပါ။

သူတို့ချင်း တစ်ကောင်မျက်နှာ တစ်ကောင်ကြည့်


mgyoe.com

mgyoe.com SAMPLE BOOK

လိုက်တယ်။ လည်ပင်းမှာချိတ်ထားတဲ့ ဖိနပ်တွေကို အောက်ချစီးလိုက်ပြီး ကြိုးချည်လိုက်ကြတယ်။

ကြွက်ဆိုတာ ထွေလီကာလာလီ သိပ်တွေးတာ မဟုတ်ဘူး။

ကြွက်တွေအတွက် ပြဿနာနှင့်အဖြေဟာ ရိုးရိုးရှင်းရှင်းလေးပါပဲ။

ဒိန်ခဲရုံရဲ့အခြေအနေ ပြောင်းလဲသွားသလို ပြောင်းလဲမှုအလျောက် လုပ်ငန်းစဉ်လည်း လိုက်ပြောင်းဖို့ ဆုံးဖြတ်လိုက်ကြတယ်။ စနစ်ဖ်က နှာခေါင်းလေး တရှုံ့ရှုံ့နှင့် အနံ့ခံတယ်။ စကာရီကို ခေါင်းညိတ်ပြတယ်။ စကာရီက လည်း အနံ့ခံတဲ့လမ်းကြောင်းအတိုင်း ဝင်္ကပါကြီးကို ဖြတ်ပြေးခဲ့တယ်။ စနစ်ဖ်ဟာ သူ့ကို မြန်နိုင်သမျှ မြန်အောင် အမီလိုက်ခဲ့တယ်။

သူတို့ဟာ ဒိန်ခဲအသစ်ရှာဖို့ ချက်ချင်းပဲ ခရီးထွက်ခဲ့ကြပြီ ဆိုပါစို့။

အဲဒီနောက် ခဏအကြာမှာပဲ ဟမ်းနှင့် ဟောတို့လည်း C ဒိန်ခဲရုံကို ရောက်လာကြတယ်။ သူတို့ကတော့ နေ့စဉ်နှင့်အမျှ နည်းနည်းချင်းပြောင်းလဲနေတာကို အမှတ်တမဲ့နေခဲ့ကြပြီး၊ ဒိန်ခဲဟာ သူ့နေရာမှာသူ ရှိနေမှာပဲလို့ အသေတွက်ထားခဲ့ကြတာကလား။

ဒီတော့ သူတို့ကြုံတွေ့ရမယ့်အခြေအနေကို ရင်ဆိုင်ဖို့လည်း အဆင်သင့် မဖြစ်ခဲ့ဘူးပေါ့။


mgyoe.com

mgyoe.com

"ဟိုက်။ ဒိန်ခဲတွေ မရှိတော့ဘူး"

ဟမ်းက အလန့်တကြားအော်လိုက်တယ်။

"ဒိန်ခဲတွေ မရှိတော့ဘူး။ ဒိန်ခဲတွေ မရှိတော့ဘူး။ ဒိန်ခဲတွေ ဘယ်ရောက်သွားပြီလဲကွ"

ဆက်တိုက် အသံကုန်ဟစ်နေလိုက်တာများ ကျယ်ကျယ်အော်ရင် သူ့ဒိန်ခဲတွေ တစ်ယောက်ယောက်က လာပြန်ပေးမယ့်အတိုင်း။

"ငါ့ ဒိန်ခဲတွေ ဘယ်သူယူသွားတာလဲ ဟေ"

သူက အသံပြကြီးနှင့် စွတ်အော်တာပဲ။

နောက်ဆုံး မျက်နှာတွေနီရဲတက်လာရာက ခါးထောက်ပြီး ကမ္ဘာကြီးပြိုအက်သွားမတတ် ရှူးရှူးဝါးဝါး အော်လိုက်ပြန်တယ်။

"ဒါ မဖြစ်သင့်ဘူး။ တကယ့်ကို မတရားဘူးဟေ့"

ဟောခများကတော့ မယုံနိုင်သလို ခေါင်းတွင်တွင်ခါနေရုံပဲ တတ်နိုင်ပါတယ်။ သူလည်းပဲ C ဒိန်ခဲရုံမှာ ဒိန်ခဲတွေကို ခါတိုင်းလိုရှိနေမှာပဲလို့ ယုံကြည်ထားခဲ့တာကိုး။ သူဟာ နေရာမှာ အံ့သြတုန်လှုပ်မှုနှင့် ရေခဲရိုက်ထားတဲ့ကျောက်ရုပ်လို အကြာကြီးငြိမ်နေမိတယ်။ မင်သက်ပြီး ကြွက်သေဝက်သေ သေနေတာပေါ့။ သူကလည်း အငိုက်မိသွားတာကိုး။

ဟမ်းကတော့ အရူးတစ်ယောက်လို အော်မိအော်ရာ အော်နေတုန်းပဲ။ ဒါပေမယ့် သူ့အသံကို ဟော မကြားလိုချင်သလို ဖြစ်သမျှအားလုံးကိုလည်း ထိပ်တိုက်မတွေ့ချင်


mgyoe.com

m g y o e . c o m SAMPLE BOOK

တော့တာနှင့်အမျှ ဥပေက္ခာပြုထားလိုက်ပါသတဲ့။

လေက်မလေး ၂ ယောက်ရဲ့လုပ်ရပ်ဟာ ဘဝင်ကျစရာမကောင်းသလို၊ အကြောင်းလည်း သိပ်ထူးလာမှာမဟုတ်ပါဘူး။ ဒါပေမယ့် သူတို့အဖြစ်ကို နားလည်နိုင်စရာရှိပါတယ်။

ဒိန်ခဲတွေ တစ်ပုံကြီးရဖို့ဆိုတာ မလွယ်သလို၊ နေ့စဉ်စားဖို့ထက် ပိုအရေးကြီးတဲ့ကိစ္စ ဖြစ်နေတယ်။

လေက်မလေးတွေအဖို့ ဒိန်ခဲသိုက်ကြီးကို တွေ့ရတာဟာ ပျော်ရွှင်မှုရဲ့ အထွတ်အထိပ်ပါပဲ။ ဒိန်ခဲရဲ့ အရသာပေါ်မှာတည်ပြီး တန်ဖိုးထားကြရတာကိုး။

တချို့လူတွေအတွက် ဒိန်ခဲဆိုတာ ရုပ်ဝတ္ထုပိုင်ဆိုင်မှုသက်သက်ပါပဲ။ ကျန် တချို့ကတော့ အားဖြည့်အာဟာရဖြစ်သလို စိတ်ချမ်းသာမှုလည်း ရစေလေရဲ့။

ဟောအနေဖြင့် ဒိန်ခဲကို ဘဝအာမခံချက်လို့ ယူဆတာနှင့်အမျှ တစ်နေ့ကျရင် ချက်ဒါလမ်းသွယ်ပေါ်က ချမ်းမြေ့ဂေဟာလေးမှာ ချစ်စရာမိသားစုနှင့်နေဖို့ မျှော်မှန်းတဲ့အခိပ္ပာယ်ပါပဲ။

ဟမ်းကျတော့လည်း ဧရာမဒိန်ခဲကြီးတစ်လုံးရတာဟာ လူတွေအပေါ် ဩဇာညောင်းပြီး ကာမင်ဘတ်တောင်ကုန်းထိပ်မှာ နန်းတော်အိမ်ကြီးပိုင်ဆိုင်ရတာနှင့် မခြားပါဘူး။

ဒိန်ခဲဆိုတာ သူတို့အတွက် အသက်လောက် အရေးကြီးတာမို့ လေက်မလေး ၂ ယောက် ကြောင်တိကြောင်


m g y o e . c o m

ကန်းတွေဖြစ်ရင်း အချိန်တွေအများကြီး ကုန်သွားတယ်။

သူတို့ခမျာ 'ဒိန်ခဲတွေ တကယ်ပဲ ပျောက်သွားတာမှ ဟုတ်ရဲ့လား' ဆိုတဲ့ မယုံသံသယနှင့် ဟောင်းလောင်းကြီးဖြစ်နေတဲ့ ဒိန်ခဲရုံကြီးကိုသာ အငေးသားရပ်ကြည့်နေရုံကလွဲလို့ ဘာမျှ မကြံတတ်တော့ပါဘူး။

ကြွက်ကလေးစနစ်ဖ်နှင့် စကာရီတို့ကတော့ သွက်လက်ဖျတလတ်တဲ့ ခြေလှမ်းတွေနှင့် ခရီးဆက်နေကြတဲ့အတွင်း၊ ဟမ်နှင့် ဟောကတော့ ဓာတ်ရပ်မပျက် လေးကန်ထုံထိုင်းနေတဲ့ ဟမ်နှင့်ဟော ဖြစ်နေဆဲပါပဲ။

သူတို့က ဘယ်သူ့လက်ချက်မှန်းမသိ အနှပ်ခံလိုက်ရတာကိုပဲ မကျေမချမ်း အော်ကြီးဟစ်ကျယ် ဒေါသတွေမကုန်နိုင်မခမ်းနိုင်ဖြစ်နေဖို့ပဲ တတ်တော့တယ်လေ။

ဒီကြားထဲက ဟောတစ်ယောက် စိတ်ဓာတ်ကျလာတယ်။

မနက်ဖြန်မှာ ဒိန်ခဲမရတော့ရင် ဘယ့်နှယ်လုပ်ကြရပါ့။

သူ့အနာဂတ် စီမံကိန်းတွေကို ဒိန်ခဲပေါ်မှာ အခြေခံထားတာ မဟုတ်လား။

ခုတော့ ဒိန်ခဲတွေ ပျောက်ကုန်ပြီ။

ငလက်မလေးတွေအဖို့ ဒီအဖြစ်ကို လက်မခံနိုင်သေးသလိုပဲ။

ဘယ်လိုကဘယ်လို ဒီလိုဖြစ်ကုန်တာလဲ။

ဘယ်သူကမှလည်း ကြိုပြီးမပြောခဲ့ဘူး။



mgyoe.com

mgyoe.com SAMPLE BOOK

ဒါ မှုမမှန်တာ၊ သဘာဝမကျတာ၊ လုံးဝ မဖြစ်သင့်တာတွေပဲ။

အဲဒီညမှာတော့–

ဟမ်းနှင့် ဟောတို့ခမျာ ဆာဆာလောင်လောင်နှင့် စိတ်သောကတွေ ရောက်နေကြရတယ်။

သူတို့ အိမ်မပြန်ခင်လေးမှာ ဟောက နံရံပေါ် ခုလို ကမ္ပည်းတင်လိုက်သတဲ့။

## ဒိန်ခဲဟာ တို့အသက်သွေးခဲ မရှိတော့လေ ပိုလိုချင်လေပဲ

နောက်တစ်နေ့။

ဟမ်းနှင့် ဟောဟာ သူတို့အိမ်ကနေ C ဒိန်ခဲရုံကို သွားကြည့်ကြပြန်တယ်။ သူတို့ရဲ့ ဒိန်ခဲတွေများ ပြန်တွေ့ရဦးမလားဆိုတဲ့ မျှော်လင့်ချက်ကြီး တစ်ခွဲသားနှင့်ပေါ့။

အခြေအနေက ထူးမခြားနား။ ဒိန်ခဲဆိုလို့ တစ်စလေးတောင် မရှိ။ လေက်မလေးတွေ အကြဲ့အိုက်သွားကြ


mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ ၂ ယောက်စလုံး ကျောက်ရုပ်တွေလို အသက်မဲ့ ရုပ်သေတွေ ဖြစ်သွားကြပါရောလား။

ဟောဆိုရင် မျက်စိအစုံကို တင်းတင်းမှိတ်၊ နား ၂ဘက်ကို လက်ဝါးနှင့် အုပ်ထားလိုက်တယ်။ သူ ဘာကိုမျှ အာရုံမခံချင်တော့ဘူး။ စားနေကျဒိန်ခဲတွေ တဖြည်းဖြည်း လျော့နည်းသွားတာလည်း ပြန်မစဉ်းစားချင်တော့ဘူး။ ဒိန်ခဲတုံးအားလုံးဟာ မျက်စိအောက်တွင် လျှပ်တစ်ပြက် ပျောက်သွားတယ်လို့ပဲ မှတ်လိုက်ပါတယ်။

ဟမ်းကတော့ အခြေအနေကို အထပ်ထပ်အပြန် ပြန်သုံးသပ်မိရာက ဦးနှောက်တွေ ရှုပ်ထွေးနောက်ကျိသွား ရတော့တာပဲ။

"ဘာကြောင့် ငါတို့ကိုမှ သူတို့ ဒီလိုရက်စက်ရတာ လဲ"

"ဒီနေရာက ဘာတွေ တကယ်ဖြစ်သွားသလဲ"

အဖြေက နတ္ထိ။

နောက်ဆုံးမှာ ဟောက မျက်လုံးတွေပြန်ဖွင့်ပြီး ပတ်ဝန်းကျင်ကို တစ်ပတ်လှည့်ကြည့်လိုက်ရာက

"အလို။ ဒါထက် ဟို စနစ်ဖ်နှင့် စကာရီ ကြွက်စုတ် ၂ ကောင် ဘယ်ရောက်နေကြလဲ။ တို့မသိတာကို သူတို့ များသိမလား မသိဘူး"

ဟမ်းက ခပ်လှောင်လှောင်ရယ်ရင်း

"သူတို့ကော ဘာသိမှာမို့တုံး။ ဒီကောင်တွေက ကြွက်တိရစ္ဆာန်တွေပဲဟာ။ ကြွက်ဟာ ကြွက်လိုပဲ သိမယ်။


mgyoe.com

mgyoe.com SAMPLE BOOK

စားဖို့ပဲ နားလည်မှာပေါ့။ တို့က လူတွေကွ။ လူဆိုတာ ကြွက်ထက် အပုံကြီးသာတယ်။ ဉာဏ်ရည်မြင့်တယ်။ တို့က သူတို့ထက် အဖြေထုတ်နိုင်ရမှာပေါ့"

ဟောက တစ်လုံးချင်း စဉ်းစားပြောတယ်။

"တို့က ပိုတော်မှန်းတော့ ငါလည်း သိပြီးသားပဲကွာ။ ဒါပေမယ့် ဒီတစ်ချီမှာ တို့ ညံ့ရာကျသွားတယ် ဟမ်းရေ။ ဒီပတ်ဝန်းကျင်က အတော်ပြောင်းလဲသွားတာကွ။ ဒီအပြောင်းအလဲနှင့်လိုက်ပြီး တို့လည်း ခါတိုင်းနှင့် မတူတာတွေ လုပ်သင့်တယ် ထင်တာပဲ"

"ဟာကွာ။ တို့က ဘာဖြစ်လို့ ပြောင်းရမှာလဲ။ တို့က ပိစိကွေးတွေဖြစ်ပေမယ့် လူတွေကွ။ လူဟာ သတ္တလောကမှာ စွမ်းအားအကြီးဆုံးပဲ။ အမှန်တော့ တို့ဟာ ခုလို အဖြစ်မျိုး မကြုံသင့်ဘူး။ မဖြစ်သင့်တာတွေ ဖြစ်တဲ့တိုင်အောင် တို့က အမြတ်ထုတ်သင့်တယ်"

"ရော်။ တို့က ဘာတွေ အမြတ်ထုတ်နိုင်မှာမို့လဲ"

ဟောက စောဒကတက်လိုက်တော့ ဟမ်းက

"ဘာကြောင့်ဆို။ တို့မှာ ထိုက်ထိုက်တန်တန်ရပိုင်ခွင့်တွေ ရှိနေလို့ပဲပေါ့"

"ဘာကို ရပိုင်ခွင့်လဲ"

"တို့ ဒိန်ခဲတွေလေ"

"ဘာဖြစ်လို့လဲ"

"အကြောင်းကတော့ တို့က ပြဿနာရှာတာမှ မဟုတ်ဘဲ။ မဆိုင်သူတစ်ယောက်ယောက်က ဝင်မွှေသွားတာပဲ။ ဒီတော့ တို့မှာ ရပိုင်ခွင့်တွေ ရှိနေတယ်"


mgyoe.com

mgyoe.com SAMPLE BOOK

ဟမ်းက ရှင်းပြလိုက်တာကို ဟောက ခုလို အကြံပြုတယ်။

"အေးလေ။ဘာပဲဖြစ်ဖြစ်။ တို့ အလွန်အကျွံဆန်းစစ်သုံးသပ်တာတွေကို ရပ်သင့်ပြီထင်တယ်။ ပြီးတော့ ဒိန်ခဲသစ်တွေလိုက်ရှာကြရင် မကောင်းဘူးလား"

ဟမ်းက ခေါင်းခါငြင်းတယ်။

"အို။ ဘယ်ကလာ။ ငါတော့ ဒီပြဿနာရဲ့ အရင်းအမြစ်ကို လိုက်ရှာဖို့ပဲ စဉ်းစားမယ်"

* * *

ဟမ်းနှင့် ဟောတို့ ဘာလုပ်ရမယ်ဆိုတာ အငြင်းပွားနေချိန်မှာပဲ ကြွက်ကလေး စနစ်ဖ်နှင့် စကာရီတို့ကတော့ တော်တော်လေး ခရီးရောက်နေကြပါပြီ။

သူတို့ဟာ ဝက်ပါကြီးအတွင်းက စင်္ကြံလမ်းတွေကို ခေါက်တုံ့ခေါက်ပြန် အစုန်အဆန်ပြေးရင်းက ဒိန်ခဲတွေကို လိုက်ရှာနေခဲ့တာပါပဲ။

သူတို့က ဒိန်ခဲအသစ်တွေ ရှာတွေ့ဖို့ကလွဲပြီး တခြားဘာမှ မစဉ်းစားဘူးလေ။ အချိန်အတော်ကြီး ကြာသွားတဲ့ အဆုံးမှာတော့ ဝက်ပါတွင်းမှာ သူတို့ တစ်ခါမှမရောက်ဘူး


mgyoe.com

mgyoe.com SAMPLE BOOK

တဲ့နေရာတစ်ခုကို ရောက်သွားကြပါတယ်။ အဲဒါကတော့ ဒိန်ခဲရုံ N ပါပဲ။

သူတို့ဟာ ဝမ်းသာလွန်းလို့ အားရပါးရကြီးကို ကျွိကျွိကျွိကျွိ အော်မြည်လိုက်ကြလေရဲ့။

သူတို့ရှာနေတာ တွေ့ပြီကိုး။ ဒိန်ခဲအသစ်တွေ အလျှံပယ်ရှိနေတဲ့ နေရာလေ။

ကြွက်လေးတွေဟာ သူတို့မျက်လုံးမှ သူတို့မယုံနိုင်လောက်အောင် ဖြစ်သွားကြတယ်။ သူတို့တစ်သက်တာမှာ လုံးဝမမြင်ဘူးခဲ့တဲ့ ဒိန်ခဲသိုက်ကြီးပါပဲကလား။

တစ်ပြိုင်တည်းမှာပဲ ဟမ်းနှင့် ဟောတို့ လူကလေး ၂ ယောက်ကတော့ ဒိန်ခဲရုံ C ထဲမှာ သူတို့ရဲ့အနေအထားအမှန်ကို သဘောပေါက်လာကြတယ်။

ဒိန်ခဲတွေ ဘယ်လိုမှ ပြန်မရမှန်း ဆင်ခြင်မိသွားကြသလို အကြီးအကျယ်ဆွေးသွားကြတာပေါ့။ ဒိန်ခဲတွေမစားရလို့ ဆာလောင်မွတ်သိပ်တဲ့ဝေဒနာ ခံစားရတာက တစ်မျိုး၊ စိတ်တိုဒေါသဖြစ်တာက တစ်ဖုံနှင့် တစ်ယောက်ကိုတစ်ယောက် အပြစ်တင်လို့ မဆုံးတော့ဘူး။

မကြာမကြာဆိုသလိုလည်း ဟောက သူ့ ကြွက်မိတ်ဆွေလေးတွေဖြစ်တဲ့ စနစ်ဖ်နှင့် စကာရီတို့အကြောင်း စဉ်းစားမိရာက 'သူတို့ ဒိန်ခဲတွေများ ထပ်တွေ့နေပြီလား' လို့ တွေးမိသေးရဲ့။ ဘာပဲပြောပြော။ ဝင်္ကပါထဲ ဖြတ်သန်းပြေးလွှားရတာဟာ မသေချာမရေရာမှုတွေ အမြဲရှိနေပြီး၊ အခက်အခဲတွေ တွေ့ရမှာပဲလို့ ယုံကြည်မိတယ်။ ဒါပေ


mgyoe.com

mgyoe.com SAMPLE BOOK

မယ့် ကြွက်လည်လေးတွေအဖို့တော့ ခဏပဲ မျက်စိလည်နေမယ်လို့ သူ တွက်မိတယ်။

ဒီကြားထဲကပဲ 'စနစ်ဖိနှင့် စကာရီတို့ ဒိန်ခဲသစ်တွေ တွေ့ပြီး ရတနာပုံဆိုက်နေလောက်ပြီ'လို့လည်း မှန်းဆကြည့်မိသေးရဲ့။

သူကိုယ်တိုင်လည်း ဝင်္ကပါထဲ စွန့်စွန့်စားစား ခရီးထွက်ပြီး လတ်လတ်ဆတ်ဆတ်ဒိန်ခဲအသစ်တွေ လိုက်ရှာရရင် ကောင်းမလား။ ကြံမိလိုက်ရုံနှင့်တင် ဒိန်ခဲအရသာက လျှာပေါ်ဝဲလာတယ်။ ဒိန်ခဲအသစ်ကို အားရပါးရ မြံ့နေတဲ့ သူ့ပုံရိပ်ကို သူ အပီအပြင် မြင်ယောင်လိုက်မိရာက C ဒိန်ခဲရုံကို စွန့်ခွာဖို့ စိတ်ပိုသန်လာမိတယ်။

"သွားကြစို့ဟော့"

ဟောက ရုတ်တရက် ထအော်လိုက်မိတယ်။

"မသွားဘူးကွ"

ဟမ်းက ချက်ချင်းတုံ့ပြန်တယ်လေ။

"ငါ ဒီနေရာပဲ ကြိုက်တယ်။ ဒီမှာက နေလို့ထိုင်လို့တယ်ကောင်းတာပဲလေ။ အပြင်ထွက်ရင် အန္တရာယ်များမှာပေါ့"

ဟောက ငြင်းချက်ထုတ်တယ်။

"မဟုတ်သေးပါဘူးကွာ။ ဝင်္ကပါအနှံ့ကို တို့ရောက်ဖူးတာပဲ။ ထပ်မသွားရဲစရာ ဘာရှိမလဲ"

ဟမ်းက စောဒကတက်တယ်။

"ငါ အသက်ကြီးလှပြီကွ။ ဝင်္ကပါထဲ လမ်းပျောက်


mgyoe.com

mgyoe.com SAMPLE BOOK

နေမှာစိုးတယ်။ ငါ့ကိုယ်ငါ အရူးမလုပ်ချင်ဘူး။ မင်းဟာ မင်းလည်း ပြန်စဉ်းစားကြည့်ပါဦး”

ဟမ်းစကားကြောင့် ဟောလည်း သွေးလန့်သွားရာက ဒိန်ခဲသစ်ရှာဖို့ မျှော်လင့်ချက် မှေးမှိန်သွားတော့တာပါပဲ။

ဒီလိုနှင့်ပဲ လေက်မလေး ၂ ယောက်ဟာ အကြောက်သံသရာလည်ပြီး ဒိန်ခဲ သွားကြည့်လိုက်။ ဘာဒိန်ခဲမှ မတွေ့တော့ အိမ်ပြန်လိုက်။ စိတ်ဓာတ်တွေကျ သောကတွေပွားတာပဲ အဖတ်တင်တယ်။

သူတို့က ဖြစ်ပျက်နေတာတွေကို လက်ခံဖို့ ငြင်းနေမိတာကြောင့် သောကတွေပွားပြီး အိပ်လို့တောင် မပျော်နိုင်ကြသလို၊ ခွန်အားတွေ ဆုတ်ယုတ်လာကြရုံမက စိတ်တွေပါ ကယောင်ချောက်ချား ဖြစ်လာကြတယ်။

တစ်ရက်တော့ သူတို့က ဒိန်ခဲရုံနံရံတစ်ဘက်ကို စို့တွေ, ဆောက်တွေ, တူတွေနှင့် ထွင်းဖောက်ကြတယ်။ သူတို့စိတ်ထဲမှာ ဒိန်ခဲတွေကို တစ်ယောက်ယောက်က ဝှက်သွားတယ် ထင်ခဲ့ကြတာကိုး။ နံရံကြီးသာ ဟောင်းလောင်းပေါက်ကြီးဖြစ်သွားတယ်။ သူတို့ထင်ထားသလို ဒိန်ခဲကတော့ မရှိ။

ဒီတော့လည်း တစ်ယောက်ယောက်က ဒိန်ခဲတွေပြန်လာပေးနိုးနိုး စောင့်ကြည့်ကြပြန်တယ်။

ရက်တွေသာ ညောင်းသွားတယ်။ ဒိန်ခဲကတော့ မပေါ်လာဇာတ် ခင်းနေတုန်း။


mgyoe.com

mgyoe.com SAMPLE BOOK

ခုဆိုရင် လေက်မလေးတွေဟာ ရုပ်ရောစိတ်ပါ ချုံးချုံးကျပြီး ကုပ်ချည့်ချည့်လေးတွေတောင် ဖြစ်ကုန်ကြပြီ။

ဟောက 'ဒိန်ခဲမရှိတဲ့နေရာမှာ ဆက်နေလို့ကတော့ အခြေအနေ ပိုဆိုးတော့မယ်' လို့ တွက်မိလိုက်တယ်။

နောက်ဆုံးတော့ သူက သူ့ကိုယ်သူ ပြန်လှောင်မိတယ်။

"ဟော၊ ဟော။ မိုက်လိုက်တဲ့ကောင်။ တစ်နေ့လာလည်း မျှော်, တစ်နေ့လာလည်း မှိုင်, နေ့တိုင်းမောနေတဲ့ အလုပ်ပဲ ထိုင်လုပ်နေတာကိုး။ မင်းအဖြစ်က သနားစရာ မကောင်းတဲ့အပြင် ရယ်စရာကောင်းလိုက်တာကွာ"

ဒါနှင့်ပဲ သူက ဟမ်းကို မေးလိုက်မိသတဲ့။

"တို့အပြေးဖိနပ်တွေ ဘယ်ရောက်ကုန်ပြီလဲ"

C ဒိန်ခဲတွေတွေ့ကတည်းက ဝတ်စုံနှင့် ဖိနပ်တွေ ပစ်ထားလိုက်တာ မနည်းလိုက်ရှာရတယ်။

ဟမ်းက သူ့သူငယ်ချင်းက အဲဒီပစ္စည်းတွေ ယူလာတာတွေ့တော့

"မင်း ဝက်ပါထဲ တကယ်ဝင်တော့မလို့လား ဟော။ ငါနှင့်အတူ ဒိန်ခဲတွေ ပြန်ရောက်လာမှာကို ဘာကြောင့် မစောင့်တော့တာလဲ"

"မင်း ငါ့ကို နားမလည်သေးဘူးထင်တယ်။ ငါက ဒိန်ခဲအဟောင်းတွေ ပြန်ရောက်လာမှာ မဟုတ်တော့ဘူး ဆိုတာ သိလျက်နှင့် ဆန့်ငင်ဆန့်ငင် မျှော်မနေချင်တော့ဘူးကွ။ ဒိန်ခဲအသစ်ကို ထွက်ရှာရတော့မယ့်အချိန် ရောက်နေပြီလေ"


mgyoe.com

mgyoe.com SAMPLE BOOK

"ကဲ။ တခြားနေရာမှာ ဒိန်ခဲတွေမရှိရင် ဘယ့်နှယ် လုပ်မလဲ။ ရှိတယ်ပဲ ထားလိုက်။ မင်းက ဘယ်လိုလုပ် တွေ့အောင် ရှာမလဲ"

"ဒါတော့ ငါလည်း မပြောတတ်ဘူး"

ဟောကိုယ်တိုင်လည်း ဒီမေးခွန်းတွေကို အကြိမ် ပေါင်းများစွာ ပြန်မေးကြည့်ခဲ့သလို၊ မေးလိုက်တိုင်း နောက် တွန့်ကြောက်ရွံ့စိတ်က တုံ့ဆွဲထားတာ ခံရတာပါပဲ။

'ငါ ဝင်္ကပါထဲသွားပြီး ဒိန်ခဲရှာမလား။ ဒီနေရာမှာပဲ ကျောက်ချနေတော့မလား'

စိတ်ကူးနှင့် ပုံဖော်ကြည့်မိတယ်။

သူဟာ ဝင်္ကပါထဲ ပြုံးပြုံးရွှင်ရွှင်တိုးနေတယ်။

လမ်းပျောက်သွားလိုက်၊ ပြန်ရှာတွေ့လိုက်နှင့်။ 'ဒိန်ခဲ အသစ် တွေ့တော့မှာပဲ' ဆိုတဲ့ ယုံကြည်ချက်ကြောင့် သူ့ စွန့်စားရတာ ပျော်သလိုလိုတောင် ဖြစ်လာတယ်။ တစ်စထက်တစ်စ ရဲရင့်သတ္တိတွေ ကိန်းလာတယ်။

ဒိန်ခဲအသစ်မျိုးစုံကို စားနေရတာ တကယ်မြင်ယောင် တဲ့အထိ စိတ်ကူးယဉ်လိုက်မိတာပေါ့။ အမေရိကန်ဒိန်ခဲ၊ အီတလီဒိန်ခဲ၊ ပြင်သစ်ဒိန်ခဲ။ ဒိန်ခဲတွေမှ အစုံပါပဲ။

ဒီနောက်မှ ဟမ်းက တစ်ခုခုပြောလိုက်သံကြားပြီး စိတ်ကူးပျက်သွားသလို၊ နေရာဟောင်းကို ပြန်ရောက်နေ တာ တွေ့လိုက်ရတာပါပဲ။

ဟောက အားရတက်ကြွစွာနှင့်

"ဟမ်းရဲ့။ ပြောင်းလဲမှုတွေဟာ အသစ်အသစ်တွေ


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ပြီး အဟောင်းတွေမဟုတ်တော့ဘူး။ အဟောင်းနှင့် အသစ်ဟာ အမြဲ ပဋိပက္ခတွေ ဖြစ်နေတယ်။ အဲ့ဒါ ဘဝပဲ။ ဘဝဆိုတာက အသစ်တွေဆီကို ရွေ့လျားနေတယ်။ ဒီတော့ တို့လည်း လိုက်ရွေ့ရမှာပဲ"လို့ ဒဿန ထုတ်ပြတယ်။

စိတ်ဓာတ်ကျနေတဲ့ သူ့အပေါင်းအသင်းဟမ်းက တော့ နားမဝင်ဘူး။ ဒီ့အပြင် ကြောက်စိတ်က ဒေါသအဖြစ်တောင် ပြောင်းသွားတယ်။

ဟောအနေဖြင့် ဟမ်းအပေါ် အပြစ်မတင်မိပေမယ့် သူတို့ ၂ ယောက်ရဲ့ ရှုးမိုက်ပုံကို ကြိတ်ပြီးရယ်ဖို့ပဲ တတ်နိုင်တော့တယ်။

ဟောတစ်ယောက် ဆက်လက်ရှင်သန်ရေးအတွက် စွန့်စားဖို့ ပြင်လိုက်တယ်။ ရယ်ရယ်မောမောပဲ ကြေညာလိုက်တယ်။

"ကဲ။ ဝက်ပါခရီး စရမယ့်အချိန် ရောက်ပြီကွ"

ဟမ်းက မရယ်မပြုံး မတုန်မလှုပ်ဘဲ။

ဟောက ကျောက်ခဲအချွန်တစ်လုံးကောက်ပြီး ဟမ်းစဉ်းစားတတ်အောင် နံရံပေါ်မှာ စာရေးလိုက်တယ်။ စာတန်းကိုဝိုက်ပြီး ဒိန်ခဲပုံ ဆွဲလိုက်သေးတယ်။ သူနှင့်အတူ ဒိန်ခဲအသစ် လိုက်ရှာဖို့လှုံ့ဆော်တဲ့ စာတန်းပေါ့။

## မင်းအပြောင်းအလဲမလုပ်ရင် ဘဝပျက်သွားမယ်နော်

ပန်းချီပြည့်တအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ဒီနောက်တော့ ဟောက ဝက်ပါကြီးထဲကို ခေါင်း ကလေးပြူပြီး စိုးရိမ်တကြီးချောင်းကြည့်တယ်။ တစ်ဘက် ကလည်း ဒိန်ခဲမရှိတဲ့နေရာမှာ ငတ်ငတ်ပြတ်ပြတ်နှင့် ဆင်းရဲဒုက္ခရောက်ခဲ့ရပုံကို ပြန်တွေးတယ်။

ဝက်ပါထဲမှာ ဒိန်ခဲတစ်လုံးမျှမရှိရင်၊ ဒါမှမဟုတ် သူ တွေ့အောင်မရှာနိုင်ရင် ဘာဖြစ်သွားမလဲ။ စဉ်းစား လိုက်ပြန်တော့ သေမတတ် အားငယ်တုန်လှုပ်သွားမိပြန် ရော။

ဟောက အားတင်းပြီးပြုံးလိုက်မိတယ်။

ဟမ်းက 'ငါ့ ဒိန်ခဲတွေ ဘယ်သူယူသွားသလဲ' လို့ စဉ်းစားနေဆဲပဲဆိုတာလည်း သူ သိတယ်။

ဒါပေမယ့် သူကိုယ်တိုင်ကတော့

'ငါ ဘာဖြစ်လို့ ရုန်းထပြီး ဒိန်ခဲတွေရှိရာ မသွားသေး တာလဲ' လို့ အားပေးလိုက်တယ်။

သူ ဝက်ပါထဲ အဝင်စရိး စလိုက်ရာက သူ့နေရာ ဟောင်းကိုပြန်လှည့်ကြည့်မိသလို၊ ပိုပြီး စိတ်လက်ပေါ့ပါး သွားမိတာတော့ အမှန်ပဲ။

ဒိကြားထဲက ဒိန်ခဲမရှိတော့တဲ့နေရာဟောင်းက သူ့ကို သံလိုက်နှင့်ဆွဲထားသလို နောက်ဆံတင်းမိနေရသေးရဲ့။

ဟောအဖို့ စိုးရိမ်စိတ်တွေပိုပြင်းထန်လာသလို၊ 'ဝက်ပါထဲကို သူ တကယ်စွန့်ပြီးထွက်ရဲရဲ့လား' လို့လည်း စဉ်းစားတယ်။


mgyoe.com